မဟာယာနဗုဒ္ဓဘာသာသည် ကမ္ဘာ့လူဦးရေ၏ မြောက်ပုံတစ်ပုံ (သန်း ၁၂၀၀ ခန့်) ကိုးကွယ်ယုံကြည်နေကြသော ကမ္ဘာ့ဘာသာတရားကြီးတစ်ခုဖြစ်၏။ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်က အိန္ဒိယနိုင်ငံအလယ်ပိုင်း ဂင်္ဂါမြစ်ဝှမ်းဒေသတွင် စတင်ခဲ့သော မဟာယာနဗုဒ္ဓဘာသာသည် အာရှတိုက်၏ငါးပုံလေးပုံခန့်ကျယ်သော ဧရိယာကြီးတစ်ခုလုံးကို ပြန့်ပွားရောက်ရှိခဲ့၏။ အနောက်ဘက်တွင် ဗော်လဂါမြစ်ကြီးစီးဝင်ရာ ကက်စပီယန် ပင်လယ်အနီးမှ ဘူရိယတ်နိုင်ငံတော်အထိ အရှေ့ဘက်တွင် တရုတ်၊ကိုးရီးယားမှသည် ဂျပန်ကျွန်းစုများအထိမဟာယာနဗုဒ္ဓဘာသာ၏ ဓမ္မရောင်ခြည်သည် ထိန်ထိန်လင်းခဲ့၏။ မြောက်သို့လားသော် တိဗက်ယဉ်ကျေးမှုနယ်မြေတစ်ခုလုံးဖြစ်သည့် ဟိမဝန္တာတောင်၏ မြောက်ပိုင်းနှင့် ခွန်လွန်တောင်တန်းတို့အကြား ကျယ်ပြန့်သော ကုန်းမြင့်လွင်ပြင်ကြီးတစ်ခုလုံးတွင် မဟာယာနဗုဒ္ဓဘာသာ၏ အောင်လံတံခွန် လွှင့်ထူလျက်ရှိခဲ့၏။ တောင်ဘက်တွင်မူ ဆုမတြားကျွာတား၏ သိရိဝိဇယနိုင်ငံတော်အထိအောင် မဟာယာန ဗုဒ္ဓဘာသာသည် ရောက်ရှိခဲ့ပါသည်။

ဤသို့သမိုင်းအစဉ်အလာနှင့် ဓမ္မအစဉ်အလာ ခန့်ထည်ကြီးမားသော မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်၍ မှန်ကန်လေးနက်သော အသိပညာ ဗဟုသုတများ ရရှိရန်အတွက် ဤ **မဟာယာနဗုဒ္ဓဘာသာ** ကျမ်းသည် သုတေသီတို့ မဖတ်မဖြစ် လေ့လာဖတ်ရှုရမည့် ကျမ်းတစ်စောင်ဖြစ်၏။ ဤကျမ်းကို ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းကွဲများ စတင်ဖြစ်ထွန်း ပေါ်ပေါက်သောကာလမှ အစတည်၍ ဖော်ပြထားပါသည်။ ထို့နောက် ဘီစီ ၂ ရာစု ဝန်းကျင်မှစတင်၍ မဟာယာနသုတ္တန်များ ပေါ်ထွန်းလာပုံ မဟာယာန ဗုဒ္ဓဘာသာ လှုပ်ရှားမှုကြီး ထင်ထင်ရှားရှားဖြစ်တည်လာပုံကို ဖော်ပြထားပါသည်။

ထို့အပြင် မဟာယာနဗုဒ္ဓဘာသာ၏ အခြေခံဒဿန အမြင်များ ဖြစ်သည့် မဓျမိကဒဿန ယောဂါစာရဒဿန ဟွာယင်းဒဿနနှင့် တထာဂတဂဗ္ဘ အယူအဆ ဗုဒ္ဓသဘာဝနှင့် ဗုဒ္ဓ၏ ကာယသုံးပါး အယူအဆများကိုလည်း ဤကျမ်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာရမည် ဖြစ်ပါသည်။ မဟာယာနဗုဒ္ဓဘာသာ၏ ဓမ္မကျင့်စဉ်များဖြစ်သော သုဒ္ဓဘူမိဗုဒ္ဓဘာသာ (Pure Land Buddhism) ဇာန်ဗုဒ္ဓဘာသာ (Zen Buddhism) ဝဇီရယာန-တန္တရ ဗုဒ္ဓဘာသာ (Vajrayana Tantric Buddhism) တို့နှင့် ပတ်သက်၍ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းအချက်များကို စုစည်းတင်ပြထားပါသည်။ မဟာယာန ဗုဒ္ဓဘာသာ၏ ခုနှစ်အလိုက်ဖြစ်ပွားခဲ့သော ဖြစ်ရပ်များကိုလည်း ထည့်သွင်းဖော်ပြထားသည်ဖြစ်ရာ မဟာယာန ဗုဒ္ဓဘာသာကို အလေးထား၍ လေ့လာဆည်းပူးလိုသူ သုတေသီနှင့် ဓမ္မဝိဟာရီသူတော်စင်တို့အတွက် အစဉ်အားကိုးထိုက်သော ရည်ညွှန်းကျမ်းတစ်စောင် အနေဖြင့် တည်ရှိနေမည်မှာ ဧကန် အမှန်ပင်ဖြစ်ပါ၏။